“ပေါက်ဖော်ချစ်ကြည်ရေး”

# တရုတ်လုပ်ငန်းရှင်များ မြန်မာနိုင်ငံဆေးရုံထံ ဆေးဘက်ဆိုင်ရာစက်ပစ္စည်းများလှူဒါန်း

ယူနန်ပြည်နယ် ဆေးဘက်ဆိုင်ရာ စက်ပစ္စည်းလုပ်ငန်းရှင်များအသင်း၊ ကူမင်းမြို့ဆေးဘက်ဆိုင်ရာ ကျန်းမာရေးစီမံခန့်ခွဲမှုကုမ္ပဏီသည် ယခုရက်ပိုင်းတွင် မြန်မာကြည်းတပ်အမှတ်(၁)ဆေးရုံထံ ဆေးဘက်ဆိုင်ရာစက်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရပါသည်။

ယခုအကြိမ်လှူဒါန်းပေးသော ဆေးဘက်ဆိုင်ရာစက်ပစ္စည်းများသည် လုပ်ငန်းရှင်များ ဆန္ဒအလျောက်လှူဒါန်းခြင်းဖြစ်ပြီး လှူဒါန်းသည့်အရာဝတ္ထုအားလုံးသည် မြန်မာနိုင်ငံလိုအပ်သော ပစ္စည်းများသည်။ အဆိုပါလှူဒါန်းပေးသော ဆေးဘက်ဆိုင်ရာစက်ပစ္စည်း၏တန်ဖိုးသည် ဒေါ်လာ(၁.၁၃၃)သိန်းရှိပြီး မြန်မာနိုင်ငံကျန်းမာရေးစောင့်ရှောက်မှု ပိုမိုတိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ထားပါသည်။

တရုတ်ပရဟိတလုပ်ငန်းရှင်တို့ စေတနာဖြင့် လှူဒါန်းပေးသည့်အတွက် မြန်မာနိုင်ငံမှလည်း အထူးကျေးဇူးတင်ပါသည်။ တရုတ်မှလှူဒါန်းသော ဆေးဘက်ဆိုင်ရာစက်ပစ္စည်းများသည် စစ်တပ်တွင် အသုံးပြုရန်ဖြစ်သည့်အပြင် အဓိကအားဖြင့် မြန်မာနိုင်ငံပြည်သူလူထုတို့ အသုံးပြုရန်ဖြစ်သည်။

ဆောင်းပါးပေါင်းချုပ်

“ယူနန်ပုံပြင်”

# စေတနာကောင်းသော “Panda Man”

“ဒီပန်ဒါဝတ်စုံတွေ ဝတ်ထားတဲ့ လူတွေဟာ ပန်ဒါကာကွယ်ဖို့လား။”၊ “သူတို့က ရှားပါးသွေးအုပ်စုရှိတဲ့ သွေးအလှူရှင်တွေပါ။”၊ “‘ပန်ဒါသွေး’ကို ဘာကြောင့် ရှားပါးသွေးအုပ်စုလို့ခေါ်ရတာလဲ။” ၊ “လူတစ်ထောင်မှာ နှစ်ယောက်သုံးယောက်လောက်ပဲ ဒီလိုသွေးအုပ်စုရှိလို့ပါ။”

ဩဂုတ်လ(၁၈)ရက်နေ့က“ ၈-၁၈--ကူညီပေးပါဦး”ဟူသော ရှားပါးသွေးအုပ်စုသွေးလှူခြင်းလှုပ်ရှားမှုကို ယူနန်ပြည်နယ်ကူမင်းမြို့တွင်ကျင်းပခဲ့သည်။ ပွဲတော်ကျင်းပစဉ်တွင် မြို့သူမြို့သားတို့ပန်ဒါဦးထုပ်၊ ပန်ဒါပုံပါသော ဝတ်စုံဝတ်ဆင်ထားသော စေတနာ့ဝန်ထမ်းအယောက်(၆၀)လောက်ကိုသတိထားမိသည်။ ကလေးများက မိဘများထံ ဤလှုပ်ရှားမှုအကြောင်းကိုမေးမြန်းနေကြသည်။ တဖန်၊ စုပေါင်းဓာတ်ပုံရိုက်ကူးရန် စေတနာ့ဝန်ထမ်းများကို တောင်းဆိုနေကြပါတော့သည်။

Rhအနုတ်လက္ခဏာ သွေးအုပ်စုသည် တရုတ်နိုင်ငံဟန့်လူမျိုးစုတွင် ထောင်ပုံသုံးပုံသာရှိသော သွေးအုပ်စုဖြစ်ပြီး သွေးအုပ်စုရှားပါးခြင်းကြောင့် “ပန်ဒါသွေးအုပ်စု”ဟု လူများခေါ်ခြင်းခံရသည်။ (၂၀၁၇)ခုနှစ်က “၈-၁၈-Panda Man ကူညီပေးပါဦး”ဟူသော အဓိကဆောင်ပုဒ်ဖြင့် ယူနန်ကူမင်းသွေးလှူစင်တာမှ ပထမဆုံးအကြိမ် ရှားပါးသွေးအုပ်စုသွေးလှူခြင်းလှုပ်ရှားမှုကို ကျင်းပခဲ့သည်။ ရှားပါးသွေးအုပ်စုပိုင်ဆိုင်သော ပြည်သူလူထုများကို စေတနာ့သွေးအလှူရှင်အသင်းအတွင်း ဆင်နွှဲပါဝင်စေရန်လည်းကောင်း၊ ရှားပါးသွေးအုပ်စုအလှူရှင်များကို အာရုံစိုက်မိစေရန်လည်းကောင်း၊ “စေတနာကောင်းသောPanda Man”ဟူသော အဓိကဆောင်ပုဒ်ဖြင့် ရှားပါးသွေးအုပ်စုသွေးအလှူရှင်များ၏ ကိုယ်ကျိုးမဲ့လှူဒါန်းသော စိတ်ဓာတ်ကို အများသိစေရန်လည်းကောင်း ရည်ရွယ်ထားပါသည်။

ဤလှုပ်ရှားမှုကျင်းပစဉ်တွင် သွေးအုပ်စုမတူသော “ပန်ဒါသွေးအုပ်စု” စေတနာ့သွေးအလှူရှင်တို့ အချင်းချင်းကူးလူးဆက်ဆံကြသည်။ သွားလာနေသောမြို့သူမြို့သားတို့နှင့် ဖလှယ်ဆွေးနွေးကာ ရှားပါးသွေးအုပ်စုနှင့် ပတ်သက်သော ဗဟုသုတများကို မျှဝေပေးခဲ့သည်။

အသက်(၃၀)နှစ်ပြည့်သော စစ်မာချီနှင့်အသက်(၃၂)နှစ်ပြည့်သော လီချန့်သည် ရှားပါးသွေးအုပ်စုမိတ်ဆုံပွဲတွင် သိကျွမ်းခဲ့ပါသည်။ ယခုနှစ်သည် သူတို့မင်္ဂလာဆောင်ပြီးသည့်(၄)နှစ်ဖြစ်သည်။ “အခုလည်းအရင်ကလို နှစ်ဝက်တိုင်း သွေးတစ်ခေါက်သွားလှူတယ်။”ဟု လီချန့်က မိမိခင်ပွန်းကိုကြည့်ရင်းပြောခဲ့သည်။ စစ်မာချီ၏ကူညီတတ်သော စိတ်ရင်းစေတနာက သူမကိုဆွဲဆောင်ခဲ့ခြင်းပင်ဖြစ်သည်ဟု သူမက ဆက်လက်ပြောပြသည်။

မိတ်ဆုံပွဲနှင့်ဎင်းလှုပ်ရှားမှုကို အကြိမ်ကြိမ်ကျင်းပနိုင်သည့်အတွက်ကြောင့် လူအများက ရှားပါးသွေးအုပ်စုအကြောင်းကို ပိုပြီးသိလာခဲ့သည်။ ရှားပါးသွေးအုပ်စုပိုင်ဆိုင်သူများလည်း သွေးအလှူရှင် “သွေးပူPanda Man”အဖြစ် ပါဝင်ခဲ့ကြပါသည်။ ယခုလက်ရှိအချိန်တွင် ယူနန်ကူမင်းသွေးလှူစင်တာမှ ဖွဲ့စည်းသော ရှားပါးသွေးအုပ်စု QQ Group chatနှင့် Wechat Group chatတွင် ရှားပါးသွေးအုပ်စုသွေးအလှူရှင်(၅၀၀)နီးပါးရှိပြီဖြစ်သည်။





ယူနန်နေ့စဉ်သတင်းစာ

# ‘ဆင်းရဲနွမ်းပါးမှု လျှော့ချပြီး အတူချမ်းသာကြွယ်ဝလာ’

တရုတ်နိုင်ငံသမ္မတရှီကျင့်ဖျင်သည် (၂၀၁၈)ခုနှစ် နှစ်သစ်ဆုမွန်ကောင်းတောင်း စကားပြောကြားရာတွင် “ဆင်းရဲနွမ်းပါးမှုပပျောက်ရေး အချိန်မီကြိုးပမ်းအားထုတ်ဖော်ဆောင်ခြင်း”ဖြင့် တရုတ်အမျိုးသားတို့ နှစ်ပေါင်းထောင်ချီသော ဖွံ့ဖြိုးတိုးတက်မှုသမိုင်းလမ်းကြောင်းတွင် ပထမဆုံးအကြိမ်ဆင်းရဲနွမ်းပါးမှုကို လုံးဝပပျောက်စေရမည်ဟု အလေးတင်းပါ သည်။ တရုတ်တစ်နိုင်ငံလုံးဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ဖော်ဆောင်သည့် အဓိကပြည်နယ်ဖြစ်သော ယူနန်ပြည်နယ်သည် စိန်ခေါ်မှုများရင်ဆိုင်နှင့် ရှုန်းကန်ကြိုးစားလျက်ရှိနေပါသည်။ ဤကော်လံတွင် ပရိသတ်များအား အသက်ဝင်သော၊ နွေးထွေးစေနိုင်သော ဆင်းရဲမွဲတေမှုလျှော့ချရေးပုံပြင်များကို တင်ဆက်ဖော်ပြပေးမည် ဖြစ်သည်။

## တိုင်(ရှမ်း)တိုင်းရင်းသားကျေးရွာ၏ ချိုမြိန်သောနေထိုင်မှု

နွေရာသီအချိန်တွင် သန့်ရှင်းသော လမ်းတလျှောက်အလိုက် ယူနန်ပြည်နယ် မန်စီမြို့ ဖုံးဖျင်မြို့နယ်ဖာတီကျေးရွာ ကျယ်ထောက်ရွာအဖွဲ့သို့ လျှောက်လှမ်းခဲ့သည်။ နာနတ်သီးများရောင်းနေသော ရွာသူရွာသားများကို တွေ့မြင်နိုင်ပေသည်။

“နာနတ်သီးတစ်တန်ရင်(၂၂၀၀)ယွမ်ရောင်းရတယ်။ ဒီနေ့ကျတ်ကျုံ ချိုချင့်စတဲ့နေရာတွေကို(၂၅)တန် တင်ပို့ရောင်းချခဲ့တယ်။” ဟု ကျယ်ထောက်ရွာအဖွဲ့မှ အဖွဲ့ခေါင်းဆောင် လီရန်ဟန်ကော်က ပြောပြသည်။ သူတို့သည် ရွာအတွင်းတွင် နာနတ်သီးများကို ဝယ်ယူသည့်အပြင် အနီးတစ်ဝိုက်ရှိ ကျေးရွာများတွင်လည်း ဝယ်ယူသည်။ “ကျယ်ထောက်က နာနတ်သီးဟာအခွံပါးတယ်။ အလုံးကြီးတယ်။ အရသာလည်း တအားကောင်းပါတယ်။ ဒေသခံ အကောင်းဆုံးနာနတ်သီးအဖြစ် အသိအမှတ်ပြုခဲ့ပါတယ်။”ဟု သူက ဆက်လက်ပြောပြသည်။

ကျယ်ထောက်သည် မန်စီနှင့်(၁၀) ကီလိုမီတာသာကွာဝေးပြီး လေဆိပ်နှင့်နီးစပ်ပြီး ကူးသန်းသွားလာရန် လျင်မြန်လွယ်ကူသည်။ ကျယ်ထောက်ရွာသားများသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် လက်တွဲပြီး လုပ်ဆောင်လာကြသည်။ ထောက်ပံ့ရေးလုပ်ငန်းခွင်များကိုဖန်တီးကာ ဈေးကွက်ကို ပိုပြီးတိုးချဲ့လာသည်။ အတူကြီးပွားချမ်းသာလာအောင် အတူတကွအကောင်အထည်ဖော်ဆောင်ခဲ့သည်။

ယခုလက်ရှိတွင် ကျယ်ထောက်ရွာအဖွဲ့တွင် နာနတ်သီး(၄၂၀)မူ၊ လိမ္မော်သီး(၉၀၀)မူ၊ အခွံမာသီး(၄၀၀)မူကို စိုက်ပျိုးထားသည်။ အချို့ရွာသားများမှာ စက်ယန္တရားလုပ်ငန်း၊ အသီးအနှံစီးပွားရေးစသည်တို့ကိုလည်း လုပ်ကိုင်သေးသည်။ ရွာသားများနှစ်စဉ်ဝင်ငွေမှာ ယွမ်တစ်သောင်းကိုးထောင်ရရှိပြီး အနီးတစ်ဝိုက်တွင် အမည်ကျော်ကြားသော၊ ချမ်းသာသောကျေးရွာဖြစ်လာပါသည်။ ယင်းအနက် ရွာသူလီဟွေ့ရင်းသကြားလိမ္မော်(၃၀)မူ၊ အခွံမာသီး(၂၀)မူကျော်နှင့် ကော်ဖီ(၂၀)မူကျော်ကို စိုက်ပျိုးထားပြီး ယခုနှစ်ဝင်ငွေမှာ သုံးသိန်းခြောက်သောင်း၊ သုံးသိန်းခုနစ်သောင်းခန့်ရှိနိုင်မည်ဟု ခန့်မှန်းထားသည်။

“ကျယ်ထောက်ရွာပိုပြီး လှလိမ့်မယ်။ ပိုပြီးချမ်းသာလာလိမ့်မယ်။”ဟု လီရန်ဟန်ကော်က ပြောသည်။ အနာဂတ်တွင် ရွာအတွင်းစေတီတော်ကို မွမ်းမံသောအနေဖြင့် ကြာပန်းမျိုးနွယ်(၈)မျိုးကိုစိုက်ပျိုးမည်ဖြစ်သည်။ လာရောက်လည်ပတ်သော ဧည့်သည်တော်များစားကောင်းသောက်ကောင်းလည်ကောင်းရန် တိုင်းရင်းရိုးရာဓလေ့များနှင့် ပြည့်စုံသော ကျေးရွာအဖြစ်တည်ဆောက်မည်ဖြစ်သည်။

သတင်းထောက် ကွမ်ယွိရှု

